


# သုဂတောဝါးချက် စီးပွားတက်

(၁)

## သုတေသီမောင်လင်းသူ

"ဒါပေါ့ကွာ၊ လူဆိုတာ လောကဓံရှစ်ပါးနဲ့ ကင်းလို့မှ မရကြတာပဲကွာ၊ ဆူကြုံနိမ့်မြင့်ဆိုတာ ကြုံတွေ့ကြရမှာပေါ့"

"တင်ပါ့ ဘုရား"

"ဒါပေမယ့် အဆိုးနဲ့ ကြုံတွေ့ရတဲ့အခါမှာ ခံနိုင်အောင်၊ သိပ်ဆိုးမသွားအောင် ထိန်းသိမ်းနိုင်ရမယ်ကွ၊ ဖြစ်ချင်ရာဖြစ် စိတ်မညစ်ဘူး ဆိုပြီးတော့ ဘဝကို ရေစုန်မျှောပစ်လိုက်လို့ မရဘူး"

"မှန်လှပါ ဘုရား"

ကျွန်တော့်အား ဘုန်းတော်ကြီး ဦးသီရိန္ဒာသည် ဆုံးမသြဝါဒများ မိန့်ကြားနေလေသည်။ ဘုန်းတော်ကြီး ဦးသီရိ န္ဒာမှာ သက်တော် (၈၄) နှစ်၊ ဝါတော်(၂၄)ဝါ ရှိသည့်အတွက် ဘုန်းတော်ကြီးတစ်ပါးဖြစ်၏။

ထို့အပြင် . . .

ကျွန်တော်၏ ဖခင် အရင်း ခေါက်ခေါက်ကြီးလည်း ဖြစ်တော်မူပါ၏။ ကျွန်တော်က ရန်ကုန်တွင် အခြေချနေထိုင်သူ ဖြစ်သောကြောင့် တစ်နှစ်လျှင် နှစ်ခေါက်သုံးခေါက်မျှ သာလျှင် ဇာတိမြေ မန္တလေးသို့ ပြန်နိုင်ခဲ့သည်။ မန္တလေးသို့ ပြန်ရောက် လေတိုင်းလည်း ဖခင်ဘုန်းကြီးအာ ကျွန်တော် သွားရောက်ကန်တော့ သည်။ ဖခင်ဘုန်းကြီးမှာ ယခုအ တွင် ကျောင်းထိုင်ပင် ဖြစ်နေပြီဖြ ၏။

မန္တလေးမြို့၊ မဟာအော မြေမြို့နယ်၊ ချော်ဆိပ်ရပ်ကွက် "လေးကျွန်းမာန်အောင်" ဘုရားဝ အတွင်းဝယ် နှစ်ထပ်ကျောင်းဆော ကလေးဖြင့် သီတင်းသုံးတော်မူ သည်။

ယခုတစ်ခေါက်တွင် ကျွ တော်က ဘုန်းတော်ကြီး ဦးသီရိ



အား စီးပွားရေး အဆင်မပြေကြောင်း ညီးညူပြောဆိုဖြစ်ခဲ့သည်။ ထိုအခါ ဘုန်းတော်ကြီး ဦးသီရိ န္ဒာက ကျွန်တော့်အား ဂရုဏာမျက်လုံးဖြင့် ဖျတ်ခနဲ လှမ်းကြည့်လိုက်ကာ . . .

"ကိုယ့်ထက်သာသူကို ကြည့်ရင် ရင်မောရမယ်ကွ၊ ဒီတော့ ကိုယ့်ထက်နိမ့်ကျသူတွေ စားဝတ်နေရေး ခက်ခဲလှသူတွေ ရှိပါသေးလား ဆိုပြီး နှလုံးသွင်းပြီးတော့ သူတို့ကိုလဲ ဆင်းရဲတွင်းက လွတ်ပါစေလို့ မေတ္တာပို့ကွာ၊ ပြီးရင် ဟောဒီ ဂါထာတော်လေးကို ရွတ်ဖတ်ကွာ၊ တစ်နေ့ကို အခေါက်ရေ သက်စေ့ရွတ်ကွ"

"မှန်လှပါ ဘုရား"

"အေး . . ဒါဆို ဒီနေ့ကစပြီး မပြတ်ရွက်ပေတော့ပေါ့၊ ကဲ . . ကဲ မင်းသွားတော့ ဘုန်းကြီးလဲ တရားထိုင်ချိန်နီးလာပြီ"

"မှန်လှပါ ဘုရား"

ကျွန်တော်သည် ဘုန်းတော်ကြီး ဦးသီရိ န္ဒာအား ဝတ်ချကာ လေးကျွန်းမာန်အောင် ဘုရားဝင်းအတွင်းမှ ထွက်ခွာလာခဲ့ပါသတည်း။

***

(၂)

"ကိုမျိုး . ."

"ဟော . . . ကိုမောင်မြင့် လာဗျာ၊ ဧည့်သည်တွေလဲ ထိုင်ကြပါ ခင်ဗျာ"

ကျွန်တော်၏ မိတ်ဆွေ ရုပ်ရှင် ဇာတ်ညွှန်းရေး ဆရာ ကိုအောင်မြင့် မမျှော်လင့်ဘဲ ရောက်လာခြင်းဖြစ်၏။ ပြီးတော့ သားသားနားနားဝတ်ဆင်ထားကြသည့် လူနှစ်ယောက်လည်းပါလာသည်။

"ကိုမျိုး . ."

"ဗျာ . ."

"ဟောဒါ ကျားကမ္ဘာ ကုမ္ပဏီက ပိုင်ရှင်တွေပဲ၊ ခင်ဗျား ရေးထားခဲ့တဲ့ "ရွှေလီကမ်းကလွမ်းပုံပြင်" လုံးချင်းစာအုပ်ကို ဖတ်ပြီး ကြိုက်လို့ ရုပ်ရှင်ရိုက်ချင်တယ်တဲ့၊ အဲဒါ ဥာဏ်ပူဇော်ခ ဘယ်လောက် ချီးမြှင့်ရမလဲဆိုတာလဲ ပြောပါတဲ့"

မမျှော်လင့် မထားသည့် အောင်မြင်မှုကြောင့် ကျွန်တော် ဝမ်းသာသွားမိ၏။ လွန်ခဲ့သော လေးငါးနှစ်လောက်က ကျွန်တော်စိုက်ပျိုးထားခဲ့သည့် အပင်လေးက သီးပွင့်လာပြီထင်သည်။

"ပြောပါဆရာ အားမနာပါနဲ့၊ ကျွန်တော်တို့က ဆရာ့ဇာတ်ကို သိပ်ကြိုက်နေကြတာ၊ AIDS ကိုရေးထားပေမဲ့ ဇာတ်ကစိတ်ဝင်စားဖို့ သိပ်ကောင်းတယ် ဆရာ၊ ကျွန်တော်တို့က DVD ဖြစ်ဖြစ်၊ ရုပ်ရှင်ဖြစ်ဖြစ် ရိုက်မှာပါ။ မင်းသား မင်းသမီးတောင် လျာထားပြီးသွားပြီဗျ"



ကိုယ်ရေးသားသည့် ဝတ္ထုကို ရုပ်ရှင်ရိုက်မည်ဟု သိရတော့ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ကျွန်တော့်နှုတ်က ဘယ်ကဘယ်လို လွှတ်ခနဲ ထွက်သွားသည်မသိ။ နှစ်သိန်းဟု ပြောလိုက်မိခြင်းဖြစ်၏။

ကျွားကမ္ဘာထုတ်လုပ်ရေးမှ ဦးကြည်ဆောင်က ချက်ချင်းပင် ငွေနှစ်သိန်းကို ထုတ်ပေးသွား၏။

ကျွန်တော်၏ အဖြစ်မှာ ယုံနိုင်ဘွယ်ရာပင် မရှိတော့။ အိမ်မှာထိုင်နေရင်း ငွေနှစ်သိန်းတိတိရလိုက်သည့်ကျွန်တော်။ သည်တော့မှပင် ကျွန်တော်၏ စိတ်တွင် ဖျတ်ခနဲ သတိရရှိမိလိုက်၏။

နှုတ်မှလည်း . . .

"အင်း . . . ဘာလိုလိုနဲ့ သုဂတော ငါးချက်ဂါထာတော်ကို ရွတ်ဖတ်လာတာ သုံးလတောင် ကျော်ခဲ့ပြီပဲ" ဟု ရေရွတ်လိုက်ရာမှ သုဂတောငါးချက် ဂါထာတော်၏ အကျိုးပေးထူးခြားပုံကို ကိုယ်တိုင်ကိုယ်ကျ သိရှိလိုက်ရတော့သည်။

ကြီးပွားချမ်းသာလိုသူတိုင်း ရွတ်ဖတ်ပွားများကြပါကုန်။

"သုဂတောငါးချက် ဂါထာတော်"

သုဂတော သုဂတ ဓါန်၊
သုဂတော သုန္ဒရမ္ပိစ။
နိဗ္ဗာန် သုဂတော ယာတိ၊
သုဂတော တေ(မေ)နမော နမာ။

အထက်ပါ ဂါထာတော်အား မမ္မစေတီမင်း ရွတ်ဖတ်ခဲ့သည့် ဂါထာတော်အဖြစ်လည်း တွေ့ရှိခဲ့ရလေသည်။

"ဂါထာတော်၏ အနက်အဓိပ္ပါယ်"

သုဂတ ဓါန် = ကောင်းသောစကားကို ဆိုတော်မူတတ်သောကြောင့်၊
သုဂတော = သုဂတ မည်ပါပေ၏၊
သုန္ဒရမ္ပိစ = ကောင်းသော သဘောရှိသောကြောင့်လည်း၊
သုဂတော = သုဂတ မည်ပါပေ၏၊
နိဗ္ဗာန် = နိဗ္ဗာန်အမြတ် ကောင်းသောအရပ်သို့၊
ယာတိ = သွားတော်မူတတ်ပေသောကြောင့်၊
သုဂတော = သုဂတ မည်ပါပေ၏၊
သုဂတော = သုဂတ ဥာဏ်ရှင် မြတ်စွာဘုရားသခင်အား၊
တေ = ကျွန်ုပ်တို့သည်၊
မေ = ကျွန်ုပ်သည်၊
နမောနမာ = ရှိသေလေးမြတ်စွာ ရှိခိုးပါ၏ ဘုရား။

သုတေသီမောင်လင်းသူ